ကျွန်မတို့ဟာ ဂျနာဇဟ်နောက်ကနေ လိုက်ပါခြင်းမှ
တားမြစ်ခြင်းခံရတယ်။ သို့သော် ကျွန်မတို့အပေါ်
အတင်းအကျပ် တားမြစ်ခဲ့တာမျိုးတော့ မဟုတ်ပါ။
အွမ်မု အသွိယဟ် (ရဿွိယလ္လာဟုအန်ဟာ) ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်မတို့ဟာ
ဂျနာဇဟ်နောက်ကနေ လိုက်ပါခြင်းမှ တားမြစ်ခြင်းခံရတယ်။ သို့သော် ကျွန်မတို့အပေါ်
အတင်းအကျပ် တားမြစ်ခဲ့တာမျိုးတော့ မဟုတ်ပါ။
[صحيح] [متفق عليه]
အွမ်မုအသွိယဟ် အလ်အန်ဆွာရိယဟ် (ရဿွိယလ္လာဟု အန်ဟာ)ကတင်ပြခဲ့သည်မှာ- တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အမျိုးသမီးများအား ဂျနာဇဟ်နှင့်အတူ လိုက်ပါခြင်းမှ
တားမြစ်‌တော်မူခဲ့သည်။ ထိုသို့တားမြစ်ရခြင်းမှာ အမျိုးသမီးများအတွက်လည်းကောင်း၊
အမျိုးသမီးများကြောင့်လည်းကောင်း ဖြစ်ပေါ်လာနိုင်သော ဖိသ်နဟ်များကို
စိုးရိမ်သောကြောင့်ဖြစ်သည်။ ထို့ပြင် သူမတို့၏ သည်းခံနိုင်စွမ်း
နည်းပါးခြင်းကြောင့်လည်းဖြစ်သည်။ ထို့နောက် အွမ္မုအသွိယဟ်သခင်မက ဆက်လက်တင်ပြသည်မှာ-
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အခြားသော တားမြစ်ချက်များတွင်
ပြုလုပ်လေ့ရှိသကဲ့သို့ ဤတားမြစ်ချက်ကို တင်းတင်းကျပ်ကျပ် မပြုလုပ်ခဲ့ ပေ။
https://sunnah.global/hadeeth/my/show/3228